# ဩဗဒိဗျာဒိတ်ရူပါရုံ

နိဒါန်း

ဤကျမ်းစောင်အတိုလေးသည်ခရစ်တော် မပေါ်ထွန်းမီ ၅၈၆ ခုနှစ်အချိန်၊ ယေရုရှလင်မြို့ကျဆုံးပြီးနောက်၊ သတ်မှတ်ပြဋ္ဌာန်း၍ မရနိုင်သောအချိန်ကာလတွင်း၌ပေါ်ပေါက်လာသည်။ ထိုအချိန်၌ယုဒနိုင်ငံအရှေ့တောင်ပိုင်းရှိရန်သူဟောင်းဖြစ်သောဧဒုံနိုင်ငံသည်၊ ယေရုရှလင်မြို့ကျဆုံးခြင်းအတွက်ဝမ်းမြောက်ဝမ်းသာယုံမက၊ ယုဒနိုင်ငံ၏ကြေကွဲဖွယ်ရာအခြေအနေကိုအခွင့်ကောင်းယူ၍ထိုမြို့ကိုလုယူတိုက်ခိုက်ခြင်းဖြင့်၊ ကူးကျော်ဝင်ရောက်တိုက်ခိုက်သူကိုအကူအညီပေးခဲ့သည်။ ဩဗဒိက၊ ဣသရေလ၏ရန်သူများဖြစ်သောအခြားနိုင်ငံများနှင့်အတူဧဒုံနိုင်ငံသည်ပြစ် ဒဏ်ခံရ၍၊ ပျက်စီးဆုံးရှုံးရမည့်အကြောင်း ကိုပရောဖက်ပြုဟောကြားခဲ့သည်။

**အကြောင်းအရာအကျဉ်းချုပ်**

ဧဒုံနိုင်ငံပြစ်ဒဏ်ခံရခြင်း ၁-၁၄

ထာဝရဘုရား၏နေ့ ၁၅-၂၁

1 ဤကျမ်းစောင်သည်ဧဒုံပြည်ကိုရည်မှတ်၍
ဩဗဒိအား အချုပ်အခြာအာဏာပိုင်ရှင်
ဘုရားသခင်ပေးတော်မူသောဗျာဒိတ်တော်
ကိုဖော်ပြရာဖြစ်၏။✡

## ဧဒုံပြည်ကိုထာဝရဘုရားအပြစ်ဒဏ်ခတ်တော်မူမည့်အကြောင်း

ထာဝရဘုရားသည်လူမျိုးတကာတို့ ထံသို့
မိမိ၏သံတမန်ကိုစေလွှတ်တော် မူလေပြီ။
``အသင့်ပြင်ဆင်ကြလော့။
ဧဒုံပြည်သို့ငါတို့စစ်ချီကြကုန်အံ့'' ဟူ၍
ကြွေးကြော်စေတော်မူသံကိုငါတို့ကြား ရကြ၏။
2 ထာဝရဘုရားသည်ဧဒုံပြည်အား ``ငါသည်သင့်ကိုအားအင်ချည့်နဲ့စေမ
လူအပေါင်းတို့သည်သင့်ကိုရှုံ့ရှာ
စက်ဆုတ်ကြလိမ့်မည်။
3 သင်၏မာန်မာနသည်သင့်ကိုလှည့်စား ထားလေပြီ။
သင်၏မြို့တော်သည်ကျောက်တုံးကျောက်ခဲ ဖြင့်
ပြီးသောခံတပ်မြို့ဖြစ်၍၊
သင်၏တည်နေရာသည်မြင့်မားသော
တောင်ပေါ်တွင်ဖြစ်သဖြင့်၊
`ငါ့အားအဘယ်သူဆွဲချနိုင်ပါနည်း' ဟု
သင်သည်တစ်ကိုယ်တည်းပြောဆိုနေတတ်၏။

✡ **1:1** ယေရှာ၊ ၃၄:၅-၁၇၊ ၆၃:၁-၆။ ယေ၊ ၄၉:၇-၂၂။ ယေဇ၊ ၂၅:၁၂-၁၄၊ ၃၅:၁-၁၅။ အာ၊ ၁:၁၁-၁၂။ မာလ၊ ၁:၂-၅။

4 သင်သည်လင်းယုန်ငှက်၏အသိုက်တမျှ
မြင့်မားရာတွင်တည်နေသဖြင့်၊
ကြယ်တာရာတို့အလယ်သို့ပင် ရောက်ရှိနေစေပါမူ၊
သင့်ကိုငါဆွဲချမည်။

5 ``သူခိုးတို့သည်ညဥ့်အခါလာခဲ့သော်၊
မိမိတို့အလိုရှိရာပစ္စည်းများကိုသာ လျှင်
ယူငင်သွားကြ၏။
စပျစ်သီးဆွတ်ခူးရန်လာသောသူတို့သည် လည်း၊
စပျစ်သီးအနည်းငယ်ကိုချန်ထားခဲ့တတ် ကြ၏။
သို့ရာတွင်သင်၏ရန်သူတို့မူကား၊ သင်၏ ပစ္စည်းများကို
အကုန်အစင်သိမ်းယူသွားကြလေပြီ။
6 ဧသော၏သားမြေးတို့၊
သင်တို့၏ဥစ္စာဘဏ္ဍာများကို တိုက်ခိုက်လုယက်သွားကြလေကုန်ပြီ။
7 သင်တို့၏မဟာမိတ်များသည်လိမ်လည်
လှည့်စားလျက်၊
သင်တို့အားမိမိတို့ပြည်မှနှင်ထုတ်ကြ လေပြီ။
သင်တို့နှင့်အတူငြိမ်းချမ်းစွာနေထိုင်ခဲ့ သူများက၊
ယခုသင်တို့အားလွှမ်းမိုးလိုက်ကြလေပြီ။
သင်တို့နှင့်အတူစားသောက်ခဲ့သည့်
မိတ်ဆွေများသည်သင်တို့အတွက်ထောင် ချောက်ကို
ထောင်ထားကြလေပြီ။
သူတို့သည်သင်တို့ကိုရည်မှတ်၍

ဤသူတို့၏အသိအလိမ္မာကားအဘယ် သို့
ရောက်ရှိသွားလေပြီနည်းဟုဆိုကြ၏။

8 ``ငါသည်ဧဒုံပြည်ကိုအပြစ်ဒဏ်ခတ်ချိန်၌၊
သူ၏ပညာရှိများကိုသုတ်သင်၍၊
အသိပညာရှိသမျှကို ပယ်ရှင်းပစ်မည်။
9 လက်နက်ကိုင်စွဲသူတေမန်မြို့သားတို့သည်
ကြောက်လန့်တုန်လှုပ်ကြလိမ့်မည်။
ဧဒုံပြည်ရှိစစ်သည်တပ်သားအပေါင်းတို့ သည်
အသတ်ခံရကြလိမ့်မည်။

ဧဒုံပြည်အပြစ်ဒဏ်သင့်သည့်အကြောင်းရင်းများ

10 ``သင်သည်မိမိ၏ညီအစ်ကိုများဖြစ်သည့်၊
ယာကုပ်သားမြေးတို့အားလုယက်
သတ်ဖြတ်ခဲ့သည်ဖြစ်၍၊
သုတ်သင်ဖျက်ဆီးခြင်းကိုခံရလိမ့်မည်။
ထာဝစဉ်အသရေပျက်လိမ့်မည်။
11 ရန်သူများသည်၊ ထိုသူတို့၏မြို့တံခါး
များကိုဖြိုချချိန်၌၊ သင်သည်နံဘေးသို့ဖယ်၍ရပ်နေခဲ့၏။
သင်သည်၊ ယေရုရှလင်မြို့၏စည်းစိမ်ဥစ္စာ များကို
သိမ်းယူကာ၊မိမိတို့အချင်းချင်းတို့အား
ခွဲဝေပေးသူလူမျိုးခြားများနှင့်မခြား၊
ဆိုးယုတ်သူဖြစ်ပေသည်။
12 သင်သည်ယုဒပြည်ရှိမိမိ၏ညီအစ်ကိုများ၊

ကံကြမ္မာဆိုးနှင့်ကြုံတွေ့ရသည်ကိုကျိတ်၍၊
နှစ်ထောင်းအားရမဖြစ်သင့်။
သူတို့ဆုံးပါးပျက်စီးချိန်၌ဝမ်းမြောက် ဝမ်းသာမဖြစ်သင့်။
သူတို့စိတ်ဒုက္ခရောက်ကြသောအခါ၊
သင်သည်မဝါကြွားသင့်။
13 သင်သည်ငါ၏လူမျိုးတော်
ဆင်းရဲဒုက္ခရောက်ရကြသည်ကိုကျိတ်၍
နှစ်ထောင်းအားရဖြစ်ကာ၊
သူတို့ဘေးအန္တရာယ်ဆိုးနှင့်ကြုံတွေ့ရ ချိန်၌
သူတို့၏မြို့ထဲသို့မဝင်သင့်။
သူတို့၏ဥစ္စာပစ္စည်းများကိုမသိမ်းမ ယူသင့်။
14 သင်သည်ကြိုးစား၍ထွက်ပြေးကြသူတို့
အားဖမ်းဆီးရန် လမ်းဆုံလမ်းခွများတွင်ရပ်လျက်မနေသင့်။
ထိုသူတို့ဘေးအန္တရာယ်ဆိုးနှင့်ကြုံတွေ့ရ ချိန်၌
သူတို့အားရန်သူလက်သို့မအပ်သင့်။✡

## လူမျိုးတကာတို့အားဘုရားသခင် တရားစီရင်တော်မူမည့်အကြောင်း

15 ``ငါထာဝရဘုရားသည်လူမျိုးတကာ တို့အား၊
တရားစီရင်တော်မူမည့်နေ့ရက်အချိန်
ကျရောက်လာလိမ့်မည်။
အို ဧဒုံပြည်သူတစ်ပါးတို့အား သင်ပြုကျင့်ခဲ့သည့်အတိုင်း၊

---

✡ **1:14** ဟေရှာ၊ ၃၄:၅-၁၇။ ၆၃:၁-၆။ ယေ၊ ၄၉:၇-၂၂။ ယေဇ၊ ၂၅:၁၂-၁၄။ ၁-၁၅။ အာ၊ ၁:၁၁-၁၂။ မိ၊ ၁:၂-၅။

သူတစ်ပါးတို့သည်သင့်အားပြုကျင့်ကြ လိမ့်မည်။
သူတို့နှင့်သင်ဆက်ဆံခဲ့သည့်နည်းအတိုင်း
သူတို့သည်သင်နှင့်ဆက်ဆံကြလိမ့်မည်။
16 ငါ့လူမျိုးတော်သည်ငါ၏သန့်ရှင်းမြင့် မြတ်သော
တောင်တော်ပေါ်တွင်၊
ငါ၏ဆိုးရွားသောအမျက်တော်စပျစ် ရည်ကို
သောက်ရကြလေပြီ။
အနီးအနားဝန်းကျင်ရှိလူမျိုးတကာတို့ သည်လည်း
ထိုထက်ပင်ပိုမိုဆိုးရွားသည့်အမျက်တော်
စပျစ်ရည်ကိုသောက်ရကြလိမ့်မည်။
သူတို့သည်ယင်းကိုအကုန်အစင်သောက် ပြီးနောက်၊
ကွယ်ပျောက်၍သွားကြလိမ့်မည်။

## ဣသရေလအမျိုးသားတို့၏အောင်မြင်မှု

17 ``သို့ရာတွင်၊ ဇိအုန်တောင်တော်ပေါ်တွင်ဘေး
လွတ်သူလူအချို့ရှိလိမ့်မည်။
ထိုတောင်တော်သည်သန့်ရှင်းမြင့်မြတ်ရာ
အရပ်ဖြစ်လိမ့်မည်။
ယာကုပ်၏မျိုးဆက်တို့သည်မိမိတို့
ပိုင်ဆိုင်ခွင့်ရှိသည်။
ပြည်တော်ကိုအပိုင်ရကြလိမ့်မည်။
18 ယာကုပ်၏မျိုးဆက်များနှင့်ယောသပ်၏
မျိုးဆက်များသည်မီးနှင့်တူလိမ့်မည်။
မီးသည်အမှိုက်သရိုက်ကိုကျွမ်းလောင်စေ သကဲ့သို့၊

သူတို့သည်ဧသော၏မျိုးဆက်များကို
သုတ်သင်ဖျက်ဆီးကြလိမ့်မည်။
ဧသော၏သားမြေးတစ်စုံတစ်ယောက်မျှ အသက်
မသေဘဲကျန်ရှိလိမ့်မည်မဟုတ်။
ဤကားငါထာဝရဘုရားမြွက်ဟသည့် စကားဖြစ်၏။

19 ``ယုဒပြည်တောင်းပိုင်းမှလူတို့သည် ဧဒုံပြည်
ကိုလည်းကောင်း၊
အနောက်တောင်ခြေဒေသများမှလူတို့က
ဖိလိတ္တိပြည်ကိုလည်းကောင်းသိမ်းယူကြ လိမ့်မည်။
ဣသရေလအမျိုးသားတို့သည်၊ ဧဖရိ မ်နှင့်
ရှမာရိနယ်မြေများကိုပိုင်ဆိုင်ရကြလျက်၊
ဗင်္ယာမိန်လူမျိုးတို့ကဂိလဒ်ပြည်ကိုရရှိကြ လိမ့်မည်။
20 ဣသရေလပြည်မြောက်ပိုင်းမှပြည်နှင်ဒဏ်
သင့်သူတို့၏တပ်မတော်သည်ပြန်လာ၍၊
မြောက်ဘက်ရှိဇရတ္တတမြို့တိုင်အောင်ဖိုနိရှ ပြည်ကို
သိမ်းယူကြလိမ့်မည်။
ယေရုရှလင်မြို့မှပြည်နှင်ဒဏ်သင့်၍ သေဖရဒ်မြို့သို့
ရောက်ရှိနေသူများသည်
ယုဒပြည်တောင်ပိုင်းမြို့များကိုသိမ်းယူ
ကြလိမ့်မည်။
21 အောင်ပွဲရယေရုရှလင်မြို့သားတို့သည်၊
ဧဒုံပြည်ကိုတိုက်ခိုက်အုပ်စိုးကြလိမ့်မည်။

ထိုအခါထာဝရဘုရားကိုယ်တော်တိုင်
ထိုပြည်တွင်နန်းစံတော်မူလိမ့်မည်။''
ပရောဖက်ဩဗဒိ၏ဗျာဒိတ်ရူပါရုံပြီး၏။

# Common Language Bible
## Burmese: Common Language Bible Bible without Deuterocanon

Public Domain

Language: Mynmar language (Burmese)

Translation by: Bible Society of Myanmar

## Burmese Common Language Bible

This translation is published by the Bible Society of Myanmar.
If you are interested in obtaining a printed copy, please contact the Bible Society of Myanmar at https://bsmyanmar.org/.

© 2005 Bible Society of Myanmar

2014-03-30

---

PDF generated using Haiola and XeLaTeX on 11 Nov 2022 from source files dated 1 Jul 2021
de6d28cc-10f3-5485-8960-5628a6c52793